# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## လျှောက်လွှာခေါ်ယူခြင်း

## ကြော်ငြာစာအမှတ်၊ ၁ / ၂၀၁၆

## ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

## ( ၂၀၁၆ ခုနှစ်၊ ဧပြီ လ ၄ ရက် )

၁။ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | လက်ထောက်ဆရာဝန်/လက်ထောက်ဆရာဝန် (သုတေသနအရာရှိ) | ၁၀၀၀ နေရာ | M.B.B.S |
| ( ခ ) | သွားဘက်ဆိုင်ရာဆရာဝန် | ၄၂ နေရာ | B.D.S |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၁၃ - ၅ - ၂၀၁၆ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊

( ဂ ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဃ) M.B.B.S ဘွဲ့အတွက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအထိနှင့် B.D.S ဘွဲ့အတွက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအထိ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊နေပြည်တော်သို့ ၁၃ - ၅ -၂၀၁၆ ရက်နေ့ အရောက် လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

၄။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ ၊နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၃-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊၂၂၁/ရွေးချယ်ရေး(အမိက)၂၀၁၄ဖြင့်ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ကြော်ငြာပါရာထူးများအတွက် လျှောက်ထားသူဦးရေသည် လစ်လပ်ရာထူးအရေအတွက်ထက် လျော့နည်းနေလျှင်ဖြစ်စေ၊ တူညီနေလျှင်ဖြစ်စေ၊ ပိုမိုသည့်တိုင်အောင် ကွာခြားချက်များပြားခြင်းမရှိလျှင်ဖြစ်စေ လစ်လပ်ရာထူးများအတွက်ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေ၅ကိုကျင့်သုံးလျက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူများကို အကြောင်းကြားခေါ်ယူကာ စိတ်အခြေအနေစစ်ဆေးခြင်းနှင့်လူတွေ့စစ်ဆေးခြင်းများကိုဆောင်ရွက်မည်ဖြစ်သည်။

၆။ စိတ်အခြေအနေစစ်ဆေးခြင်းကို ၄ - ၇ -၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၅ - ၇ -၂၀၁၆ ရက်နေ့တွင်လည်းကောင်း စတင်မည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့စာဖြင့်အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။ နေ့ရက်အလိုက် လူတွေ့စစ်ဆေးခြင်းခံယူမည့်သူများ၏အမည်စာရင်းကို အဖွဲ့၏ Website တွင် ၂၀ - ၆ -၂၀၁၆ ရက်နေ့မှ စတင်ကြေညာပေးမည်ဖြစ်ပါသည်။

၂/သို့

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်းဖော်ပြထားပါသည်။